# ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အထူးသံကိုယ်စားလှယ်၏ အဆိုပြုချက်အပေါ် တုန့်ပြန်ကြေငြာချက်

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁၃) ရက်တွင် လက်ရှိ အာဆီယံ ဥက္ကဋ္ဌနေရာယူထားသော ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆန်နှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ အထူးသံကိုယ်စားလှယ်တို့အကြား ဆွေးနွေးချက်နှင့် စပ်လျှင်း၍ ကုသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးသံကိုယ်စားလှယ်ရုံးမှ ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပါသည်။ ကမ္ဘောဒီးယားဝန်ကြီးချုပ်သည် မကြာသေးမီက ပုဂ္ဂိုလ်ရေးအလည်အပတ်အနေဖြင့် မြန်မာနိုင်ငံသို့ သွားရောက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့တွင် ဦးစီးအာဏာသိမ်းခဲ့သည့် မြန်မာစစ်တပ်၏ ခေါင်းဆောင်နှင့် တွေ့ဆုံခဲ့သည်။

အထူးသံကိုယ်စားလှယ်ရုံး၏ ထုတ်ပြန်ကြေညာချက်အရ မြန်မာနိုင်ငံတွင် လူသားခြင်းစာနာထောက်ထားမှု အကူအညီများ အရေးတကြီးပေးပို့နိုင်ရန်အတွက် အထူးသံကိုယ်စားလှယ်မှ အဆိုပြုထားသော နိုင်ငံတကာ “လူသားခြင်းစာနာထောက်ထားမှု အပြင်” (Humanitarian Plus) ချဉ်းကပ်မှုနည်းလမ်းကို ညွှန်းဆိုထားသည်။

အာဏာသိမ်းစဉ်ကတည်းစ၍ နိုင်ငံတဝှမ်းမြင့်တက်လာသော အကြမ်းဖက်မှုများကြောင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ မြန်မာနိုင်ငံတွင် လိုအပ်လျှက် ရှိနေပါသည်၊ ကရင်အမျိုးသားအစည်းအရုံး *(KNU)*၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ *(KNPP)* နှင့် ချင်းအမျိုးသားတပ်ဦး *(CNF)* တို့အနေနှင့် ကမ္ဘာ့ကုလသမဂ္ဂ၏အထူးသံကိုယ်စားလှယ်၏ အဆိုပြုချက်ကို ထောက်ခံကြောင်းနှင့် ယင်းအဆိုပြုချက်အပေါ်တွင် အောက်ပါအတိုင်း ထပ်မံထည့်သွင်းပေးရန် တောင်းဆိုပါသည်။

၁။ ရောက်ရှိရန်ခက်ခဲသည့် နေရာဒေသများ၊ မြန်မာအိမ်နီးချင်းများနှင့် နိုင်ငံတကာ မိတ်ဆွေများ နှင့်အတူ “လုံခြုံသောနေရာများ” နှင့် လူသားခြင်းစာနာထောက်ထားမှု အကူညီပေးရေး စင်္ကြံများ ပူးပေါင်းဖော်ဆောင်ရေးတောင်းဆိုမှုအပါအဝင် အမျိုးသမီးနှင့် လူငယ်များ၏ အသံကို မြှင့်တင်ရန်အတွက် ကုလသမဂ္ဂ-အာဆီယံ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အခန်းကဏ္ဍမှဖော်ဆောင်နေသော အထူးသံကိုယ်စားလှယ် ၏ အဆိုပြုချက်အား ကျွန်ုပ်တို့အနေနှင့် ထောက်ခံပါသည်။

၂။ လူသားချင်းစာနာထောက်ထားမှုအကူအညီများ အရေးအကြီးလိုအပ်လျှက်ရှိသော နေရာများဖြစ်သည့် မြန်မာနိုင်ငံအတွင်းပိုင်းရှိ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ၊ ရှမ်း၊ စစ်ကိုင်း နှင့် မကွေးဒေသများရှိ ပြည်သူများထံသို့ အကူအညီများရောက်ရှိစေရန် ချဲ့ထွင်ဆောင်ရွက်ရန် လိုအပ်လျှက် ရှိနေပါသည်။

၃။ "လူသားချင်းစာနာထောက်ထားမှုအပြင်" ချဉ်းကပ်မှုနည်းလမ်းသည် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော အကျပ်အတည်းများဖြေရှင်းနိုင်ရန်အတွက် လိုအပ်ချက်တစ်ခုဖြစ်ပါသည်၊ မြန်မာနိုင်ငံ၏ ပြဿနာသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းမျှသာ မဟုတ်ပါ။

၄။ လက်ရှိ လူသားချင်းစာနာထောက်ထားမှု အကျပ်အတည်းအတိုင်းအတာသည် မြန်မာပြည်သူများ ရင်ဆိုင်နေရသည့် နိုင်ငံရေးအကျပ်အတည်း နှင့် ထပ်တူကျနေပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေနှင့် ကုလသမဂ္ဂ၊ အာဆီယံနှင့် နိုင်ငံတကာအသိုင်းအဝိုင်းသို့ တောင်းဆိုလိုသည်မှာ အရပ်သားပြည်သူများ တိုက်ခိုက်ခံရခြင်းမှ ကာကွယ်နိုင်ရန် နှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပံ့ပိုးနိုင်ရန် အတွက် အောက်ပါအချက်များကို ထည့်သွင်းစဥ်းစားပေးပါရန် တိုက်တွန်းပါသည်။

က။ မြန်မာနိုင်ငံတွင် **စစ်ရေးအရ လေယာဉ်မပျံသန်းရ ဇုန်**ကို ကြေညာ၍ လိုက်နာမှုရှိစေရန် နိုင်ငံတကာမှ တာဝန်ယူစောင့်ကြပ်ပေးရန်။

ခ။ **နိုင်ငံတကာအာမခံမှုဖြင့် အရပ်သားပြည်သူများ အကာအကွယ်ပေးအပ်သည့် လုံခြုံသော နေရာများ (internationally guaranteed protection of Civilians - safe zones)** အဖြစ် နေထိုင်ရန်နှင့် ထောက်ပံ့ပေးရန်လိုအပ်သည့် ကျေးရွာများ၊ ပြည်တွင်းနေရပ်စွန့်ခွာသူ စစ်ဘေးရှောင် (IDPs) စခန်းများ၊ ဆေးရုံ၊ ဆေးခန်းနှင့် စာသင်ကျောင်းများကဲ့သို့သော နေရာများကို တိတိကျကျသတ်မှတ်၍ ကြေညာပေးရန်။

ဂ။ နိုင်ငံတကာအတိုင်းအတာဖြင့် ညှိနှိုင်းထားသော လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ စင်္ကြံများ (**negotiated humanitarian corridors**)ကို ကြေညာရန်၊ ထိုနေရာများသည် ပိတ်ပင်တားဆီးခြင်းမရှိပဲ အကူအညီများကို လက်ခံရယူနိုင်သည့် နေရာများ ဖြစ်လာမည် ဖြစ်သည်။ ထို စင်္ကြံများမှတဆင့်၊ နယ်စပ်ဖြတ်ကျော်ကာ၊ (သို့မဟုတ်) နိုင်ငံတွင်း အဓိကကျသောနေရာများမှတဆင့် အကူအညီပေးရေး အဖွဲ့အစည်းများအနေနှင့် အလိုအပ်ဆုံးဖြစ်သော နေရာများကို သွားရောက်ပံ့ပိုးပေးရန်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ *(၁)* ရက်၊ အာဏာသိမ်းစဉ်ကစပြီး မြန်မာစစ်တပ်မှ ကျူးလွန်ခဲ့သော အကြမ်းဖက်မှုများကို ကရင်အမျိုးသားအစည်းအရုံး *(KNU)*၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ *(KNPP)* နှင့် ချင်းအမျိုးသားတပ်ဦး *(CNF)* တို့မှ ရှုံ့ချပြီး အထူးသံကိုယ်စားလှယ်မှ အဆိုပြုသော နိုင်ငံတကာ "လူသားခြင်းစာနာထောက်ထားမှု အပြင်" (Humanitarian Plus) ချဉ်းကပ်မှုကို ကြိုဆိုလိုက်သည်။ နိုင်ငံတာကာမှ အာမခံမှုပြုထားသည့် လုံခြုံသောနေရာများ နှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ စင်္ကြံများကို မြန်မာ့အိမ်နီးခြင်းများနှင့် နိုင်ငံတကာမှ မိတ်ဆွေများပူးပေါင်း၍ ဖော်ဆောင်ပေးရန် တောင်းဆိုပါသည်။

ထိုကဲ့သို့သော ချဉ်းကပ်နည်းလမ်းသည် မြန်မာနိုင်ငံမှ ပြည်သူများအတွက် လူသား ချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို အလျှင်အမြန်ပံ့ပိုးပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်၊ တချိန်တည်းမှာပင် အရေးပေါ်လိုအပ်ချက်အား အသုံးချလျှက် မြန်မာနိုင်ငံမှ ပါဝင်ပက်သက်သူများနှင့်အတူ အာဆီယံနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့အကြား အပြုသဘောဆောင်သော ဆွေးနွေးညှိနှိုင်းမှုနည်းလမ်းများကို ဖော်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ဆက်သွယ်ရန် -

*(၁)* ပဒိုစောတောနီး *(KNU)* ဖုန်း - +၆၆၆၃ ၀၂၀၂၄၁၁

*(၂)* နဲနယ်ဖလိုး *(KNPP)* ဖုန်း - +၆၆၉၈ ၇၅၇၂၃၀၉

*(၃)* ဆလိုင်းထက်နီ *(*CNF*)* ဖုန်း - +၉၁၆၉ ၀၉၇၅၁၇၂၁